

# ချင်းဘောင်းဘီ ကတ္တီပါဖိနပ်

ရ သ စာ တ မ်း များ

## စာရေးသူ၏ နိဒါန်းစကား

# ဂျင်းဘောင်းဘီ၊ တီရှပ် ၊ ကတ္တီပါဖိနပ်

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်ရေးသောစာများမှာ ကိုယ့်အကြောင်းတွေက များပါသည်။ ကိုယ်ခံစားရတဲ့အကြောင်းတွေက အများစုဖြစ်သည်။ ကိုယ်ခံစားရတဲ့ ကိုယ့်အကြောင်းတွေမှာ ပစ္စုပ္ပန် က အကြောင်းတွေ ပါသလို၊ အတိတ်ကအကြောင်းတွေလည်း ပါသည်။ များသောအားဖြင့် အတိတ် အကြောင်းအရာတွေဖြစ်သည်။

အတိတ်ကအကြောင်းအရာများထဲတွင် မြစ်ကမ်းရေချိုးဆိပ်သို့သွားရာ လမ်းကြားကလေးပါ သည်။ တောင်ခြေရွာကလေး၏ နံနက်ခင်းပါသည်။ ဝါးလုံးထိုးစီးဆင်းသွားသော မြစ်ရေပြင်ပါသည်။ မြစ်ပြင်ကို တစ်ဦးတည်းဖြတ်၍ လှေကို လှော်ခတ်သွားကြသူများအကြောင်းပါသည်။ ဂဲကတော့ရှိရာ အမှတ်အသားဖြစ်သော ကျောက်တောင်ထိပ် တုံးဖြူဖြူ ဖောင်တော်ဦးစေတီတော်ပါသည်။ ငယ်ငယ် တုန်းက ဝယ်ဝတ်ဖူးသော ဂျင်းဘောင်းဘီနှင့် တီရှပ်တစ်ထည်အကြောင်းပါသည်။ လက်ဖက်ရည်ဆိုင် ကလေးသို့ မောင်ဗမာစက်ဘီးကလေးစီး၍ သွားခဲ့ရသော မြို့ကလေး၏ နေ့ရက်များအကြောင်းပါ သည်။ ညစဉ်ကြည့်နေရသော ဘောလုံးပွဲများအကြောင်းပါသည်။ လသာသောညများတွင် သဲသောင် ပြင်ပေါ် ပေါင်းတင်းဖုတ်စားရင်း ကျေးလက်တွင် အပျော်ရှာခဲ့ရသည်များ ပါသည်။ ဆောင်းရာသီ တစ် လျှောက်လုံး ကောက်ပြန့်ပေါ် ကျွမ်းပစ်ဆော့ကစားရင်း ကောက်လှိုင်းနယ်၊ ကောက်ရိုးသယ်ရင်း စပါး ယပ်သည့်ညတွင်

ပျော်ရွှင်ခဲ့ရဖူးသည်များပါသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် အဘိုးဇာတိရွာသို့ ဘုန်းကြီးကန်တော့သွားရင်း ဆွေမျိုးများနှင့် တွေ့ဆုံကာ နွေးနွေးထွေးထွေးဆက်ဆံကြမှုအပေါ် အမှတ်ရ ချက်များ ပါသည်။ တက္ကသိုလ်တွင် ပညာသင်ကြားစဉ် ကျောင်းပိတ်ရက်များ၌ ဈေးချိုတော်သို့ အလည် သွားရင်း ဈေးချိုမလွှယ်ပေါက်တွင် ရောင်းသော မလွှယ်ပေါက်မြီးရှေစားခဲ့ရသည့် အကြောင်းပါသည်။ ဆူပါမားကတ် (Super Market)ယဉ်ကျေးမှု ပါသည်။ ကလေးဘဝက ရုပ်ရှင်ပြဲတမ်းကစားကြသည့် အကြောင်းပါသည်။ ဝါသနာအရ ကြက်ကလေးများကို မွေးမြူရင်း ကြက်ကလေးများအပေါ် စိတ်ဝင်တစားဖြစ်ခဲ့ရခြင်းများ၊ သံယောဇဉ်ဖြစ်ခဲ့ရခြင်းများ၊ ခံစားချက် အတက်အကျများပါသည်။ ယှဉ်ပြိုင်မှု တိုင်းတွင် နောက်ဆုံးကျခဲ့သော ဘဝကို လက်ခံခဲ့ရသော်လည်း စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပါက ဘဝသည အမည်းစက်ကင်းစင်ကာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် နောက်ဆုံးတန်းအထိ ရောက် မသွားကြောင်း အသိတရားရစေသည့် အကြောင်းအရာ ပါဝင်သည်။ တစ်ချိန်တစ်ခါက သမဝါယမ စနစ်ဖြင့် ရောင်းချပေးသော အင်းပေါ်သည့်အချိန် "ဆည်"ခံရသည့် ငါးများကို သွားရောက် ဝယ်ယူကြ ပုံ၊ လွမ်းဆွတ်ဖွယ်လူနေမှု အကြောင်းအရာများလည်း ပါဝင်သည်။ စာပေရေးသားခြင်း၏ ပထမ ဝါသနာ ဖြစ်သော ကောလိပ်ကျောင်းသား ကဗျာဆရာဘဝတွင် လက်ရေးကဗျာစာအုပ်ကလေးများ ထုတ်ဖြစ်ခဲ့ကြပုံ(ကဗျာဆရာအကျော်အမော်ဖြစ်လာသည်ဖြစ်စေ၊ ဖြစ်မလာသည်ဖြစ်စေ၊ လက်ရေး ကဗျာစာအုပ်ကလေးများ ပြုလုပ်ထုတ်ဝေ၍ သူငယ်ချင်းများကို ဖတ်ရှုစေခြင်းသည် ငယ်စဉ်က ကဗျာ ဝါသနာရှင်အများစု ဖြတ်သန်းကြုံတွေ့ခဲ့ရသော ဘဝဖြစ်ပါသည်။) အရွယ်ရောက်လာသည်အထိ ကဗျာကို မစွန့်လွှတ်နိုင်သူတစ်ယောက် ကဗျာအပေါ်ထားရှိသည့် သံယောဇဉ် အငွေ့အသက်များ လည်းပါသည်။

မြို့ပြ အထပ်မြင့်တိုက်ခန်းနေ လူတစ်ချို့၏ အမှိုက်စွန့်ပစ်မှုနှင့် လူနေမှုပုံသဏ္ဍာန်များအ ကြောင်းပါသည်။ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်ခြင်းဖြင့် လူ့အဖွဲ့အစည်း တစ်ခု၏ အောင်မြင်မှုကို ရရှိစေမည့် စိတ်အခြေအနေတစ်ရပ်ကို ဖြစ်ပေါ်စေသည့် ရေချိုးခြင်းအကြောင်းလည်း ပါသည်။ လော က ပတ်ဝန်းကျင်တွင် ကြားရသော အသံများသည် အခြေအနေ၊ အချိန်အခါနေရာကိုလိုက်၍ အဓိ ပ္ပာယ်ပြောင်းလဲတတ်ပုံကို ထင်ဟပ်သည့်အကြောင်းလည်း ပါသည်။

အခုတင်ဆက်လိုက်တဲ့ စကားပြေတွေက ဂတ္တုတစ်ပုဒ်လို ပုံသဏ္ဍာန်တော့ မဟုတ်ပါဘူး။ ရိုးရိုး သားသားဝန်ခံရရင် အက်ဆေးတစ်ပုဒ်အဖြစ် ဦးတည်ပြီး ရေးဖွဲ့ခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ လေ့ လာဆည်းပူးနိုင်မှု အားနည်းလို့ပဲ ဖြစ်ဖြစ်။ ဖန်တီးနိုင်မှုအရည်အသွေး နည်းပါးလို့ပဲဖြစ်ဖြစ် အခု ကျွန် တော်ရေးတဲ့စာတွေဟာ အက်ဆေးအရာမမြောက်ခဲ့ဘူးဆိုရင်လည်း ဘာမှ မတတ်နိုင်ပါ။ ကျွန်တော် တတ်စွမ်းသမျှ ပါရမီဓာတ်ခံကလေးနဲ့ ကျွန်တော် စူးစမ်းခဲ့သမျှ စာပေအသိတရား နည်းနည်းကလေး ပေါင်းပြီး ကျွန်တော် ရှင်သန်ရာ ဘဝလမ်းခရီးထဲက ရသမျှ အချိန်နည်းနည်းကလေးထဲမှာ ကြိုးစား အားထုတ်ကြည့်တာပါ။

အထူးသဖြင့် ကျွန်တော့်ရဲ့ မနေနိုင်ခဲ့ခြင်းတွေပါ။ စာမရေးရရင် မနေနိုင်၊ စာမဖတ်ရရင် မနေ နိုင်၊ ကျော်ကြားဖို့လည်း မဟုတ်။ ငွေရဖို့လည်း မဟုတ်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း အပေါ်မှာ လည်း စိုးရိမ်ပူပန်စိတ် မရှိပါ။

ရှင်သန်ရာ သက်တမ်း၊ အကန့်အသတ်တစ်ခုအတွင်းမှာ ဒီလို နေထိုင်ဖြတ်သန်းသွားဖို့ ဖြစ် လာသည့်ဘဝကိုလည်း ကျေးဇူးတင်ပါသည်။ တစ်ခါတစ်ရံ ခံစားနာကျင်နေရသည့် စိတ်ကလေးတွေ ဖြစ်လာသည့်အခါ၊ လွမ်းဆွတ်ငေးမောခြင်းတို့နှင့် ရင်ဆိုင်ရသည့်အခါ အကြောင်းခြင်းရာများစွာ၊ အခါ များစွာအတွက် ဖြေသိမ့်ခြင်းဟာ ကျွန်တော့် စကားပြေများ၊ ကဗျာများ ဖြစ်လာသည်။

ကျွန်တော့်လို ခင်ဗျားတို့လည်း စိတ်အတက်အကျ ဖြစ်သည့်အခါ ကျွန်တော့်စာတွေဖတ်ပြီး အခိုက်အတန့်ဖြစ်ဖြစ် သက်သာရာ ၊ သက်သာကြောင်း ရရှိခံစားစေချင်ပါသည်။ လူ့လောကကမ္ဘာကြီးထဲ ကျွန်တော်တို့ လူ အဖြစ် ရပ်တည် အသက်ရှင်ခဲ့ကြောင်း အမှတ်အသားတစ်ခုအဖြစ် အခု ရေးသားတင်ဆက်လိုက်သည့် စကားပြေအချို့က ဖော်ပြချက်တစ်ခု ဖြစ်မည်ဟု ကျွန်တော်တို့က မျှော်လင့်မိပါသည်။

ဘဝတွင် အမှတ်ရစရာ တွေးတောဆင်ခြင်စရာ၊ သင်ခန်းစာရစရာတွေ များလှသည်။ "အသက် တစ်ရာ မရှည်ရပေမယ့် အမှုတစ်ရာပွေရ"ဆိုသည့်စကားကို ကျွန်တော်တို့လို စာပေအနုပညာအပေါ် ခုံမင်သူက သဘောမတူပါ။ စာပေအနုပညာစိတ်ရှိသူသည် အမှုတစ်ရာ မပြောနှင့်၊ အမှုတစ်ခုကိုပင် လက်မခံငြင်းဆန်ရပါလိမ့်မည်။ ခိုက်ရန်ဖြစ်ပွားခြင်း၊ မနာလိုမုန်းတီးခြင်း၊ အစရှိသော စိတ်များသည် နူးညံ့သိမ်မွေ့သော စိတ်နှလုံးပိုင်ရှင် အနုပညာသမားများတွင် မရှိအပ်သော စိတ်နေစိတ်ထားဖြစ်သင့် ပါသည်။ သို့ဖြစ်၍ ဆင်ခြင်တုံတရား မြင့်မားသော ၊ ဖန်တီးနိုင်စွမ်းအားရှိသော ၊ စိတ်ကောင်းနှလုံး ကောင်းဖြင့် ရှုမြင်တတ်သောစာပေသမားတစ်ယောက်အတွက် လူ့ဘဝတွင် ကြုံတွေ့ရသမျှ အကြောင်းကိစ္စများသည် အမှုတစ်ရာမဟုတ်၊ အနုပညာသာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ ဖန်တီး သော စာပေအနုပညာဖြင့် လူသားတို့ နိစ္စဓူဝကြုံတွေ့နေရသော လောကဓံတရားမှ အခိုက်အတန့် လေးအားဖြင့်ဖြစ်စေ ထွက်ပေါက်ရ၍ လွတ်မြောက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

**ပေါ်ဦးသစ်**

*

## လက်ဖက်ရည်ဆိုင်ထိုင်ခြင်း

**ပေါ်ပြူလာဂျာနယ်၊ ဒီဇင်ဘာလ ၂၀၀၅**

ယခုစီးနေသော ဓာတ်လှေကား၏ မြန်နှုန်းလောက်မြန်သည့် ဓာတ်လှေကားမျိုး တစ်ခါမှ မစီးဘူး။ ဓာတ်လှေကားသည် တာဝါ၏ အပေါ်ဆုံးအထပ်သို့ ခဏအတွင်းမှာပင် ရောက်သွားသည်။ ဓာတ်လှေကားမှအထွက် လျှောက်လမ်းအတိုင်း ညာဘက်သို့ လေး၊ ငါး၊ ဆယ် လှမ်းခန့် လမ်းလျှောက်လိုက်သောအခါ လက်ဖက်ရည်ဆိုင်အဝင် မှန်တံခါးချပ်ကြီးကို တွေ့ရသည်။

လက်ဖက်ရည်ဆိုင် မှန်တံခါး ရှေ့ ကျွန်တော်တို့ နှစ်ယောက် ရောက်ချိန်တွင် တံခါးပေါက်ဂရို ဟိုတယ်ဝတ်စုံဝတ်ထားသော ဝန်ထမ်းက မှန်တံခါးကို ဖွင့်ပေးပါသည်။ မှန်တံခါးကိုဖြတ်ပြီး အခန်း တွင်းသို့ ဝင်လိုက်ချိန်တွင် တံခါးဖွင့်သော ဝန်ထမ်းကလေးက ခန္ဓာကိုယ်ကို ကိုင်းညွတ်ကာ အရိုအသေပေးလျက် ကြိုဆိုပါသည်။

ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်ထဲသို့ အရောက်တွင် အပူချိန်အပြောင်းအလဲကို ခံစား ရသည်။ လက်ဖက်ရည်ဆိုင်တွင် ထိုင်လို့ကောင်းမည့်နေရာ အထူးသဖြင့် ရှုခင်းကို မြင်ကွင်းကျယ်မြင်ရ မည့်နေရာကို ရွေးချယ်ကာ ထိုင်ကြသည်။

ဆိုင်ဝန်ထမ်း စာပွဲထိုးကောင်မလေးက ကျွန်တော်တို့ နှစ်ယောက်ဆိုင်ထဲဝင်လာကတည်းက သူ့မျက်နှာတွင် အပြုံးပွင့်တပ်ဆင်ထားပြီး ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မိချိန်တွင် သူ့အပြုံးသည် ကျွန်တော်တို့အတွက်

အဆင်သင့်ဖြစ်နေခဲ့ပါသည်။ အမှန်ဝန်ခံရလျှင် တံခါးဖွင့်ပေးသော ကောင်လေး ကိုယ်ကိုကိုင်းညွတ်ကာ အရိုအသေ ပြုစဉ်ကနှင့် ကောင်မလေးက ပြုံးပြခြင်းခံရသည်အထိ ကျွန်တော် တို့အနေဖြင့် မည်သို့ တုံ့ပြန်ရမည်ကို ခန့်မှန်းမရနိုင်အောင် ဖြစ်နေမိသည်။

ကောင်မလေးက ကျွန်တော်တို့နှစ်ယောက် နောက်က ကပ်လိုက်ပါခဲ့ပြီး ထိုင်ခုံတွင် ထိုင်မိ သည်နှင့် Menu (အစားအသောက်စာရင်း)ကို ထိုးပေးပါသည်။ သူငယ်ချင်းက "ဘာသောက်မလဲ"ဟု အဖော်ညှိပါသည်။ ကျွန်တော်က Menu ကိုကြည့်ပြီး ကော်ဖီအေးအမျိုးအစားတစ်မျိုးကို မှာပါသည်။ ကော်ဖီအမျိုးအစားပေါင်း စာတစ်မျက်နှာခန့်ရှိပါသည်။ ကော်ဖီအပူတွေ၊ အအေးတွေ အမျိုးပေါင်း၊ အစိတ်၊ သုံးဆယ်ထဲက တစ်ခုကို ပြောလိုက်သည်။ သူငယ်ချင်းကလည်း ကျွန်တော်သောက်သည့် ကော်ဖီပဲ သောက်မည်ဟု ပြောသည်။

"အစားအသောက်ထဲက ဘာစားဦးမှာလဲ"ဟု စားပွဲထိုး ကောင်မလေးက မေးရာ နှစ်ယောက် စလုံး "မစားတော့ဘူး"ဟု သံပြိုင်ပြောဖြစ်သွားသည်။

နောက်တော့ ၂၈၀၀ ကျသည်ဟု စားပွဲထိုးကောင်မလေးက ပြော၍ "ဩော် ချက်ချင်းရှင်းရတာ လား"ဟု မေးရာ "ဟုတ်ပါတယ်ရှင်"ဟု ယဉ်ကျေးသိမ်မွေ့စွာ ဖြေပါသည်။

ကော်ဖီဖိုး ၂၈၀၀ အတွက် တစ်ထောင်တန် သုံးရွက်ကို Menu ထည့်လာသော ကြိမ်ဗန်းငယ် ကလေးပေါ်ထည့်ပေးတော့ ကောင်မလေးက ဒူးကလေးတွေကွေးကာ ချိုသာသောအသံဖြင့် "ကျေးဇူး တင်ပါတယ်ရှင်"ဟု ပြောပါသည်။

ကျွန်တော့် စိတ်ထဲတွင် ဘဝင်ကျခြင်း၊ မကျခြင်းများသည် မျက်စိတစ်မှိတ်အတွင်းမှာပင် တစ်လှည့်စီ ဖြစ်ပေါ်ခဲ့သည်။ ယခု ဟိုတယ်၏ အပေါ်ဆုံးထပ်ရှိ လက်ဖက်ရည်ဆိုင်ကလေးသို့ ရောက် ဖူးခြင်းမှာ

ပထမဆုံးအကြိမ်ဖြစ်ပြီး ကျွန်တော့်အတွက် အတွေ့အကြုံသစ်၊ နေရာအသစ်ဖြစ်သည်။

ကျွန်တော်သည် ဆိုင်အဝင်တံခါးတွင် မိမိအပေါ် အရိုအသေပေး၍ ကြိုဆိုခဲ့မှုအပေါ် ကျေနပ်မှု ဖြစ်ခဲ့သော်လည်း အလိုက်သင့် တုံ့ပြန်ဆက်ဆံနိုင်ခြင်းမရှိသော ကိုယ့်အဖြစ်ကို မကျေမနပ်ဖြစ်မိသလို စားပွဲထိုးကောင်မလေး၏ နှစ်လိုဖွယ် ဖော်ရွေစွာ ကြိုဆိုမှုအပေါ် လှပစွာ မတုံ့ပြန်တတ်ခဲ့သော အဖြစ် ကိုလည်း ဘဝင်မကျဖြစ်ခဲ့သည်။

အတော်ကြာသည်အထိ မှာထားသည့် ကော်ဖီက ရောက်မလာ။ အတန်ကြာမှ ရောက်လာသည်။ ပြန်အမ်းငွေ ၂၀၀ ပြန်ပေးသည် ။ ဘီယာဆိုင်ဆိုလျှင် အမ်းငွေ ၂၀၀ ကို ဘောက်ဆူးငွေ (Tip Money)အဖြစ် ယစ်ထွေထွေနှင့် ပြန်ပေးဖြစ်မှာ သေချာသည်။ ကောင်မလေးက ဖြူဖြူသွယ်သွယ်ဖြင့် နှစ်လိုဖွယ်အပြုံးကို ပြုံးတတ်သည်။ ရုပ်ရည်က သိပ်အလှကြီးမဟုတ်သော်လည်း ကြည့်ပျော်ရှုပျော် ဖြစ်သည်။ စီးထားသော ကတ္တီပါဖိနပ် နီညိုရောင်သည်းကြိုးက ဝါရွှေဖောင်းအိသော ခြေဖမိုးအတွင်း တင်းကျပ်စွာ နှစ်မြုပ်နေပုံက မြင်ရသူအတွက် စိတ်လှုပ်ရှားဖွယ်ဖြစ်စေသည်။

ကျွန်တော်တို့အနားမှ ကောင်မလေး ပြန်ထွက်သွားတော့ မြို့တော်ရှုခင်းများကို အငမ်းမရ ကြည့်ရင်း ကော်ဖီအေးကို ပိုက်တံမှတဆင့် စုပ်ယူကြသည်။

ရွှေတိဂုံဘုရားကြီးကို လုံးတော်ပြည့် တွေ့မြင်ဖူးဖြော်ရသည်။ အထပ်မြင့်အဆောက်အအုံတွေ နှင့် စိမ်းစိုသစ်လွင်သော သစ်ပင်အုပ်များကို ကျေနပ်စွာတွေ့ရသလို ဟောင်းနွမ်းနေသော အိမ်ခေါင် မိုးတချို့နှင့် ဆေးရောင်များကွာကျကာ သစ်လွင်တောက်ပမှုနှင့် သန့်ရှင်းသပ်ရပ်မှုမရှိသော မြို့တော် ကို အကျည်းတန်စေသည့် အဆောက်အအုံတချို့ကိုလည်းေ တွေ့ရသည်။

ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပဲခူးမြစ်တို့ကိုလည်း လှမ်းမြင်ရသည်။ မြစ်များသည် မြို့တော်ကို အနားသတ်ဝန်းရံထားပြီး မြို့သည် မြစ်၏ စလုတ်အတွင်းရောက်နေသကဲ့သို့ ထင်ရသည်။ နေလုံး သည် အနောက်ဘက်ကောင်းကင်၏ အောက်ခြေဆီသို့ တဖြည်းဖြည်း နိမ့်ဆင်းလျက်ရှိသည်။ မြို့ တော်၏ အနောက်ဘက် အနားသတ်ဖြစ်သော မြစ်ပြင်၏ တစ်ဖက်သို့ လှမ်းကြည့်လိုက်ပါက ကုန်းပြင် မြင့်စိမ်းစိမ်းများကို တွေ့ရသည်။ ထိုကုန်းပြင်မြင့်များပေါ်တွင် အဆောက်အအုံမရှိသည့်အတွက် နွား စားကျက်ကဲ့သို့ ဖြစ်နေသည်။ မြစ်၏ ဒီဘက်ကမ်းမှ အထပ်မြင့် အဆောက်အအုံများနှင့် မြို့ပြသည် တစ်ဖက်ကမ်းမှ အဆောက်အအုံမဲ့ ကုန်းမြင့်စိမ်းစိမ်းနှင့် တွဲစပ်ကြည့်သောအခါ အပူနှင့်အအေးကို တစ်လှည့်စီ ထိတွေ့ရသလို ထင်ရသည်။

ရန်ကုန်မြစ်အတွင်းမှာတော့ ငါးဖမ်းစက်လှေအုပ်စုများ၊ ပင်လယ်ကူးသင်္ဘောများ၊ ကုန်သင်္ဘော ကြီးများ၊ ဝန်ချီစက်ကရိန်းကြီးများ၊ ကုန်သေတ္တာပုံများ၊ ကူးတို့သင်္ဘောများ သွားလာခုတ်မောင်းနေ သည်ကို တွေ့ရသည်။

ဟိုးအဝေးမှာ ရန်ကုန်-သန်လျင်တံတားကြီးကို မှုန်ပျပျ လှမ်းမြင်ရသည်။

"သန်လျင်တံတားရဲ့ ဟိုး ခပ်ဝေးဝေးကို လှမ်းကြည့်ရင် နွံ့ဝါရောင်နဲ့ အပြာရောင်နှစ်ရောင်စပ် ကို တွေ့လိမ့်မယ်။ အပြာရောင်ပြင်ကျယ်ကြီးက ပင်လယ်ပဲ"ဟု သူငယ်ချင်းက ပြောပါသည်။

ကျွန်တော်က ကော်ဖီကို ကုန်အောင်သောက်ပြီး ထိုင်ရာမှထကာ ရှုခင်းများကို လက်ဖက်ရည် ဆိုင်၏ မှန်နံရံများကိုဖြတ်ကာ တောသားမြို့ရောက်ကျီးကန်းတောင်းမှောက် ကြည့်နေမိပါသည်။

နောက်တော့ ကျွန်တော်က ကုလားထိုင်တွင် ပြန်ထိုင်ကာ အနီးအဝေးရှိ ရှုခင်းများကို ကြည့်ရင်း ငယ်စဉ်က ထိုင်ခဲ့ဖူးသော တောမြို့လေးမှ

လက်ဖက်ရည်ဆိုင်ကလေးကို သတိရနေမိသည်။

*

လက်ဖက်ရည်ဆိုင်ရှေ့မရောက်မီကပင် စက်ဘီးကို ဘရိတ်အုပ်ကာ အရှိန်သတ်လိုက်ပါသည်။ လက်ဖက်ရည်ဆိုင်ရှေ့အရောက် စက်ဘီးပေါ်မှ ဆင်းကာ စက်ဘီးအား ဒေါက်ထောက်သော့ခတ်နေ စဉ်မှာပင် “ချိုပေါ့ကျတစ်ခွက်ဟေ့၊ ဆောင်းဘောက်အောက်ဝိုင်း”ဟု ကောင်တာတွင် ထိုင်နေသော ဆိုင်ရှင်က ဖျော်ဆရာဘက်လှည့်အော်သည်။

ကျွန်တော်ထိုင်နေကျဖြစ်သော ဆိုင်အတွင်း ဆောင်းဘောက်(Sound Box)အောက်ရှိ ထိုင်နေ ကျစားပွဲတွင် ထိုင်မိချိန်မှာ သောက်နေကျချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်က ကျွန်တော့်ရှေ့သို့ အချိန်ကိုက်ရောက်လာတတ်ပြီး “အစ်ကို ပဲပလာတာ စားဦးမလား”ဟု စားပွဲထိုးကလေးက မေးလေ့ရှိ သည်။ အိမ်က ထမင်းကြမ်းကြော် စားလာသောနေ့တွင် စားလေ့မရှိဘဲ၊ အိမ်မှ ဘာမျှမစားလာသော နေ့တွင်စားလေ့ရှိသဖြင့် မေးခြင်းဖြစ်သည်။

ကျွန်တော်ထိုင်နေကျစားပွဲတွင် ကျွန်တော့်သူငယ်ချင်းများ ရောက်နှင့်တတ်ပြီး သူငယ်ချင်းများ သည်လည်း ဒီစားပွဲမှာပင် ထိုင်လေ့ရှိပါသည်။ လက်ဖက်ရည်ဆိုင်သို့ အချိန်စောရောက်သူရှိသလို အချိန်နောက်ကျ၍ ရောက်သူလည်းရှိသည်။ တစ်ခါတစ်ရံ သူငယ်ချင်းတစ်ယောက်က သူငယ်ချင်းတစ် ယောက်အိမ်ထိ သွားခေါ်ပြီးမှ လက်ဖက်ရည်ဆိုင်သို့ အတူထွက်သည်များလည်းရှိသည်။

လက်ဖက်ရည်ဆိုင်တွင် ညကဖတ်ခဲ့ရသော မဂ္ဂဇင်းအသစ်မှဝတ္ထု၊ ကဗျာ၊ ဆောင်းပါးမှ အကြောင်းအရာများ၊ ညက ကြည့်ခဲ့ရသော ဘောလုံးပွဲ၊

ဗီဒီယိုရုပ်ရှင်၊ ရုပ်မြင်သံကြားအစီအစဉ်များမှ အကြောင်းအရာများအား ပြောကြသည်။ တစ်ခါတစ်ရံတော့ ဘာမှ မပြောဖြစ်ဘဲ ဆိုင်မှဖွင့်သော သီချင်းအား နားထောင်သူနားထောင်ကာ ညကဖတ်ပြီး ယူလာသော မဂ္ဂဇင်းများကို ဖလှယ်ကာ ဖတ်သူက ဖတ်ကြပါသည်။

လက်ဖက်ရည်ဆိုင်တွင် နံနက်စောစောကြော်လေ့ရှိသော ပလာတာ၊ အီကြာကွေး ကုန်သွားပါ က စမူဆာဆက်ကြော်လေ့ရှိရာ စမူဆာပူပူနွေးနွေးကိုလည်း စားရလေ့ရှိပါသည်။

ကျွန်တော်တို့သည် အလုပ်အကိုင်ဟူ၍ မယ်မယ်ရရလည်း မရှိသေးသဖြင့် မိဘများထံမှ တောင်း၍ ရလာသော မုန့်ဖိုးကလေးဖြင့်ပင် မဂ္ဂဇင်းငှားခြင်း၊ လက်ဖက်ရည်သောက်ခြင်းနှင့် မကျယ် ပြန့်သေးသော လူမှုရေးကိစ္စအသေးအဖွဲကလေးများကို ဖြေရှင်းနေကြရပါသည်။

တစ်ခါတစ်ရံ သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်သော်လည်း လက်ဖက်ရည်ဖိုး မှာ တစ်ယောက်စာ(တစ်ခွက်စာ)သာပါသဖြင့် လက်ဖက်ရည်တစ်ခွက်သာမှာပြီး သူငယ်ချင်းနှစ် ယောက်တစ်ယောက်တစ်လှည့်စီငုံကာ သောက်ကြရပါသည်။ ဘာပဲဖြစ်ဖြစ် သောက်ချင်သည့်အချိန် တွင် သောက်လိုက်ရ၍ ကျေနပ်မိသည်။

ကျွန်တော်တို့သည် အလုပ်အကိုင်မယ်မယ်ရရ မရှိသေးသော ကောလိပ်ကျောင်းသားများ ပီပီ ကျောင်းပိတ်ရက်တွင် အိမ်အလုပ်လုပ်စရာမရှိဘဲ လက်ဖက်ရည်ဆိုင်တွင် ရောက်တတ်ရာရာများ ပြော ရင်း ကျောက်ချနေထိုင်တတ်ကြပါသည်။

ကိုယ်နှင့်မဆိုင်လှသည့် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါဈေးများ၊ စက်သုံးဆီ အခြေအနေများ၊ ဒိုင်နာ၊ ဟိုင်း လတ်ကားများ၊ ကွမ်း၊ သနပ်ခါး၊ ဥစားကြက်အစရှိသဖြင့် လက်ဖက်ရည်ဆိုင်တွင် မြို့ကလေးနှင့် ပတ် သက်သည့်

အကြောင်းအရာစုံကို ကြားရလေ့ရှိသည်။

ကျွန်တော်က ထိုအကြောင်းအရာများထက် လက်ဖက်ရည်ဆိုင်မှ ဖွင့်သော သီချင်းများကို ပို၍ စိတ်ဝင်စားတတ်ခဲ့သည်။

နေ့လည် ၁၂ နာရီခန့်ရောက်လျှင်တော့ ထမင်းစားချိန်ရောက်ပြီး ထမင်းလည်း ဆာတတ်သ ဖြင့် လူစုခွဲကာ အိမ်ပြန်ရန်ပြင်ကြပါသည်။ လက်ဖက်ရည်ဖိုးရှင်းသည့်အခါ အထူးအထွေပြောစရာမလို ဘဲ ကိုယ်သောက်ထားသော လက်ဖက်ရည်ဖိုး ၊ ကိုယ်စားထားသည့် မုန့်ဖိုးကိုသာ တွက်ချက်ကာ ရှင်း ကြရပါသည်။

ညတွင် ပြန်ဆုံမည့်အကြောင်း အချိန်းအချက်လုပ်ကြပါသည်။ ထူးထူးထွေထွေရှိ၍ အချိန်းအ ချက်လုပ်ခြင်းမဟုတ်ပါ။ ပုံမှန်ပြုမူနေကျ အလေ့အထတစ်ခုကို ဆောင်ရွက်ကြခြင်းသာဖြစ်သည်။ ည တွင် ဒီနေရာပဲ ပြန်ဆုံကြမှာဖြစ်သည်။

*

ညတွင်ဆုံဖြစ်သော လက်ဖက်ရည်ဝိုင်းက နံနက်ပိုင်းထက် ပို၍ စည်ကားလေ့ရှိသည်။ တချို့က အပူချိန်ကို ဖြတ်သန်းဖြေရှင်းပြီးမှ လက်ဖက်ရည်ဆိုင်သို့ ရောက်လာလေ့ရှိကြသည်။ လက်ဖက်ရည် ဝိုင်းတွင် ပြောသောစကားများလည်း ပို၍ ပူနွေးစိုပြေလာတတ်သည်။ တစ်ခါတစ်ရံ စကားလုံးများမှ အငွေ့တထောင်းထောင်း ထနေသလားဟု ထင်ရလောက်အောင် စကားဝိုင်းက နွေးထွေးလှသည်။

သူငယ်ချင်းတချို့သည် သူတို့အိမ်ထဲတွင် နေစဉ်က အေးဆေးတည်ငြိမ်သလောက် လက်ဖက် ရည်ဆိုင်ရောက်လျှင် ပေါက်တတ်ကရ

ပေါင်းစုံကို ရယ်စရာဖြစ်အောင် ပြောကြပါသည်။ ကျွန်တော်တို့ ၏ ညပိုင်းလက်ဖက်ရည်ဆိုင်စကားဝိုင်းသည် အမြဲတမ်းတဝါးဝါး တဟားဟားဖြင့် စည်ကားတတ်ရာ ရပ်ကွက်အတွင်းမှ တောင်းပန်ရသည်အထိ ဖြစ်ခဲ့သည်။

တစ်ရက်တွင် ထိုသို့ ရယ်စရာပေါင်းစုံပြော၍ ရယ်မောနေကြစဉ် အဘွားအရွယ် အမျိုးသမီးကြီး တစ်ဦးက “သားတို့ရယ် အဒေါ်မြေးလေး အိပ်နေတာသားတို့ရယ်သံကြောင့် လန့်လန့်နိုးလို့ တိုးတိုး သက်သာ ရယ်ပေးကြပါ…”ဟု တောင်းပန်စကားဆိုလာသဖြင့် ကျွန်တော်တို့၏ ပတ်ဝန်းကျင်အပေါ် လျစ်လျူရှုကာ စည်းလွတ်ဝါးလွတ် ပြုမူခြင်းအပေါ် စိတ်မကောင်းဖြစ်မိခဲ့သည်။

မည်သို့ဆိုစေ လက်ဖက်ရည်ဆိုင်တွင် စကားပြောရသည်မှာ အခြားနေရာများတွင် ပြောရ သည်ထက် ပို၍ လွတ်လပ်သည်။ လက်ဖက်ရည်ဆိုင်တွင် ကိုယ်နားထောင်ချင်သည့် သီချင်းကို ဆိုင်ရှင် အား တောင်းဆိုပါက ဖွင့်ပေးတတ်သည်။ တစ်ခါတစ်ရံ အိမ်ရှိကက်ဆက်ဖြင့် နားထောင်၍ အားမရ သည့် သီချင်းတိတ်များကို လက်ဖက်ရည်ဆိုင်သို့ ယူသွားပြီး ဆိုင်မှ ကက်ဆက်အကောင်းစားတွင် ထည့်ကာ ဖွင့်၍ နားထောင်ရခြင်းသည်လည်း ခံစားမှုကို ကျေနပ်စေသည်။

ဘဝရှင်သန်မှုကာလတစ်လျှောက်တွင် လူပျိုပေါက်အရွယ်မှစကာ လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ သည်။ ကောလိပ်၊ တက္ကသိုလ်နေခဲ့သော ကာလများတွင် လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ရသည်များက တော့ ဘဝတွင် မေ့နိုင်ဖွယ်မရှိသော အချိန်များပင်။ ကိုယ်ယုံကြည်သာ ခံယူချက်၊ သဘောတရား၊ ကဗျာ၊ စာပေ၊ ဂီတ၊ အနုပညာနှင့် အနာဂတ်ရည်မှန်းချက်များသည် လက်ဖက်ရည်ဆိုင် စကားဝိုင်း များမှ ရရှိခဲ့သော အနာဂတ်ရည်မှန်းချက်များသည် လက်ဖက်ရည်ဆိုင် စကားဝိုင်းများမှ ရရှိခဲ့သော အတွေးစများက ရရှိခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်အတွက်တော့ လက်ဖက်ရည်ဆိုင်သည်

ဘဝတက္ကသိုလ်အသေးစား သဖွယ်ဖြစ် သလို လူငယ်ဘဝတွင် ဘုံရိပ်သာတစ်ခုကဲ့သို့လည်း ဖြစ်ခဲ့သည်။

*

ငယ်စဉ်ဘဝက ဇာတိမြို့ကလေးတွင် ထိုင်ခဲ့ရသော လက်ဖက်ရည်ဆိုင်ကလေး၏ နွေးထွေးမှု များကို ပြန်လည်တွေးတော လွမ်းဆွတ်ရင်း ကျွန်တော်က မြို့တော်ကြီးကို အပေါ်စီးမှဆီးကာ ငေးမော နေမိခဲ့သည်။

စိတ်ကဆောင်လို့ပဲ ဖြစ်ဖြစ်၊ ရုပ်ကဆောင်လို့ပဲဖြစ်ဖြစ် ဇာတိမြို့ကလေးကို စွန့်ခွာကာ မြို့တော် ၏ အသည်းနှလုံး ဗဟိုချက်မဆီသို့ ရောက်ရှိခဲ့သည်မှာပင် ၁၀ စုနှစ်နီးပါး ရှိခဲ့ပြီဖြစ်သည်။

တောမြို့ကလေးမှာ နေထိုင်စဉ်က ရရှိခဲ့ဖူးသော လက်ဖက်ရည်ဆိုင်များ၏ ရင်းနှီးနွေးထွေးမှု မျိုးနှင့် စိတ်ကျေနပ်မှုကို ယခု ကျွန်တော်ရောက်ရှိနေသော ဟိုတယ်၏ အထပ် ၂၀ က လက်ဖက်ရည် ဆိုင်ကလေးဆီမှ ရရှိနိုင်ရန် ကျွန်တော် ကြိုးစားရဦးမည်ဖြစ်သည်။

*

# ဘောလုံးပွဲခံစားမှု

လွန်ခဲ့သော ညနေက ဘောလုံးပွဲတစ်ပွဲကြည့်ဖြစ်သည်။ တယ်လီဗီးရှင်းမှ တိုက်ရိုက်ထုတ် လွှင့်သော ပွဲတစ်ပွဲဖြစ်သည်။ ဘောလုံးပွဲမှာ ဗိုလ်လုပွဲဖြစ်သဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပွဲ ကြည့်သူအတွက် စိတ်လှုပ်ရှားစရာပင် ကောင်းတော့သည်။

*

ဘောလုံးပွဲမှာ နိုင်ငံ့လက်ရွေးစင်အသင်းများ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်အသင်းမှာ ဗိုလ်လုပွဲ တက်ရသောကြောင့် ဘောလုံးပွဲတွင် အားပေးသူ၏ ၉၀ ရာခိုင်နှုန်းမှာ အိမ်ရှင်နိုင်ငံသားများဖြစ်ကြ သည်။ တစ်ဖက်အသင်းအတွက် အားပေးသူများမှာ သူတို့နိုင်ငံမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းမိ သားစု အနည်းငယ်မျှသာဖြစ်ပေလိမ့်မည်။

ပြိုင်ပွဲတွင် ဖွေဆော်ဦးဂိုးကို တခြားအသင်းမှ ပြိုင်ပွဲစပြီး ၁၈ မိနစ်တွင် စတင်သွင်းယူသွားခဲ့ သည်။ အိမ်ရှင်အသင်းမှ ချေပဂိုးရရှိနိုင်ရန် ကြိုးစားသော်လည်း ပထမပိုင်း ၄၅ မိနစ် ကုန်ချိန်အထိ ချေပဂိုးမသွင်းနိုင်ဘဲ ပြီးသွားသည်။ ကျွန်တော်သည် အိမ်ရှင်နိုင်ငံအသင်းဘက်မှနေကာ အားပေးသူ ဖြစ်သဖြင့် မိမိအားပေးသော အသင်းရှုံးနိမ့်နေရခြင်းအပေါ် ဘဝင်မကျဖြစ်နေမိသည်။

ဒုတိယပိုင်းပွဲစသောအခါ ပြိုင်ပွဲမှာ ပို၍ ကြည့်ကောင်းလာသည်။ ရှုံးနိမ့်နေသော အိမ်ရှင်နိုင်ငံ အသင်းမှ ချေပဂိုးပြန်လည်သွင်းယူနိုင်ရေးအတွက် ဘောလုံးတိုက်စစ်အဟုန်အား ပိုမို မြှင့်တင်ကစား လာသည်ကို တွေ့ရသည်။ ကွင်းပြည့်ကွင်းလျှံအားပေးနေသော ပရိသတ်မှာ အိမ်ရှင်အသင်းချေပဂိုး ပြန်လည်ရရှိရေးအတွက် အစွမ်းကုန်အားပေးနေကြသည်။ ကျွန်တော်ကိုယ်တိုင်ပင် ဘေးပတ်ဝန်းကျင် ကို ဂရုမစိုက်နိုင်ဘဲ တယ်လီဗီရှင်းရှေ့တွင် တစ်ယောက်တည်း မထိန်းချုပ်နိုင်စွာ အသံထွက်၍ အား ပေးမိပါသည်။

ကျွန်တော်အားပေးသည့်ဘက်မှ ပရိသတ်က မည်သို့ပင် အားပေးစေကာမူ အားကစားသမား များက ကြိုးစားပမ်းစား တိုက်စစ်ဆင်ကစားစေကာမူ ချေပဂိုးမသွင်းနိုင်ဘဲ ဒုတိယအပိုင်း ကစားချိန် နာရီဝက် (မိနစ်သုံးဆယ်)ကုန်ဆုံးသွားသည်။ နောက်ထပ် ၁၅ မိနစ်အတွင်း ချေပဂိုးမသွင်းနိုင်ပါက ၁ ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ဆုဖလားကို လက်လွှတ်ရမည့်အခြေဆိုက်နေသည်။

ကံအားလျော်စွာပင် ပွဲပြီးခါနီး ၆ မိနစ်တွင် ရရှိသော ထောင့်ကန်ဘောမှ ကန်တင်လိုက်သော ဘောလုံးအား ရှေ့တန်းတိုက်စစ်မှူး တစ်ဦးက ခေါင်းဖြင့်တိုက်၍ ချေပဂိုးရရှိကာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြင့် ဒုတိယပိုင်း ၄၅ မိနစ်ပြီးဆုံးသွားသော်လည်း ဗိုလ်လုပွဲဖြစ်သဖြင့် အနိုင်အရှုံး အဖြေမပေါ်သေး၍ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဆက်လက်၍ အချိန်ပိုကစားကြသည်။ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီသရေကျသည့်အနေ အထားဖြစ်ရာ အနိုင်ဂိုးရရှိရေး မီးကုန်ယမ်းကုန် ကစားကြသည်။ အိမ်ရှင်နိုင်ငံအသင်းဘက်မှ တစ်ကွင်းလုံး အားပေးနေသော ပရိသတ်သည် အားသာချက်ဖြစ်သည်။

ပြိုင်ပွဲတွင် နှစ်ဖက်အသင်းကစားသမားများမှာ အသက် ၂၀ အောက်ချည်းဖြစ်သည့်အတွက် လျင်မြန်ဖျက်လတ်စွာ ကစားနိုင်ကြသူများဖြစ်သည်။

ဘောလုံးကစားသက် နည်းသေးသည့်အတွက် ဘောလုံးကစားခြင်းအတတ်ပညာနှင့် ပတ်သက်၍ သမ္မာမရင့်သေးဟု မြင်မိသည်။ တစ်ဖက်မှကြည့် လျှင် ဘောလုံးပညာ မပြည့်ဝသေးသည့်အတွက် မာယာမများတတ်သေးဟု ထင်မိသည်။ ဒါက ကျွန် တော့်အထင်သာဖြစ်သည်။

ကျွန်တော်က ဘောလုံးပွဲကြည့်ရင်း စိတ်မှ ဂေဖန်နေမိသည်။ အချိန်ပိုပထမပိုင်း ၁၅ မိနစ်ပြီး သွားသည်။ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ရှိသည်။ ပထမပိုင်း အချိန်ပို ၅ မိနစ်ကစားပြီး ထွက် လာသော ဘောလုံးသမားများ၏ မျက်နှာမှာ လွန်စွာမောဟိုက်လျက်ရှိသည်ကို ဖန်သားပြင်တွင် အတိုင်းသား တွေ့နေရသည်။

အချိန်ပို ဒုတိယပိုင်း ၁၅ မိနစ်ကစားချိန်တွင် ပရိသတ်၏ အားပေးမှုမှာ ဆူညံပွက်လောရိုက်နေ တော့သည်။ ပြိုင်ဘက်အသင်းမှာ သိသိသာသာ ခြေကုန်လက်ပန်းကျချိန်တွင် အိမ်ရှင်အသင်းမှာ ကစားနိုင်ဆဲ၊ သက်လုံကောင်းဆဲဖြစ်သည်။ အိမ်ရှင်အသင်းမှ ကစားသမားများမှာ သေချာစွာကြည့်ပါ က ပြိုင်ဘက်အသင်းသားများထက် လူကောင်ထွားပြီး မျက်နှာများမှာ ပိုမိုရင့်မာကြပါသည်။ ဒုတိယ ပိုင်းကုန်ခါနီး လေ တစ်ဖက်အသင်းမှာ ကစားနိုင်မှုစွမ်းအား ကျဆင်းလေဖြစ်သည်။ ထိုအခြေအနေမှာ ပင် အိမ်ရှင်အသင်းက ဒုတိယပိုင်းအချိန်ပို ၁၅ မိနစ်ကုန်ရန် ၃ မိနစ်အလိုတွင် အနိုင်ဂိုးကို သွင်းယူ လိုက်နိုင်သည်။ အိမ်ရှင်အသင်းအား ကွင်းလုံးပြည့် လာရောက် အားပေးနေသော ပရိသတ်၏ ဩဘာ သံသည် ဘဂဂ်ထိတိုင် ပျံ့လွင့်သွားသလားဟု ထင်ရလောက်သည်။ ကျွန်တော်နေသော တိုက်ခန်း ပတ်ဝန်းကျင်ရှိ အခန်းများမှ တယ်လီဗီးရှင်းကြည့်၍ အားပေးနေသော ပရိသတ်၏ အော်သံမှာလည်း အတန်ပင် ကျယ်လောင်သွားခဲ့ပါသည်။

အနိုင်ဂိုးကို သွင်းယူလိုက်နိုင်သဖြင့် စိတ်လက်ပေါ့ပါးသွားပုံရသော ဘောလုံးသမားများမှာ အား ကြိုးမာန်တက် ကစားခြင်းမရှိတော့ဘဲ မိမိကွင်း

ဘက်အခြမ်းတွင်သာ တစ်ဖက်အသင်းသားများ ကို ခွေးရူးလုပ်ရင်း အချိန်ဆွဲ၍ ကစားကြသည်။ တစ်ဖက်အသင်းမှာ ခြေကုန်လက်ပန်းလည်းကျ၊ အရှုံး ဖြင့် ရင်ဆိုင်နေရ၍ လည်း စိတ်ဓာတ်ကကျ၊ အားပေးမည့်သူ နည်းပါးသဖြင့် အားနည်းနေသည့် သဘောလည်းရပါသည်။ ဖိဖိစီးစီးကစားနိုင်စွမ်း တိုက်စစ်ဆင်ထိုးဖောက်နိုင်စွမ်း မရှိတော့ဘဲ ပြိုင် ဘက် အသင်း၏ ကွင်းဘက်အခြမ်းတွင် ခွေးရူးလုပ်တမ်း ကစားခြင်းခံနေရပြီး ကုန်ခါနီး အချိန်ကို အရှုံး သမားစိတ်ဖြင့် ညှိုးလျော့စွာ ကစားနေကြပုံရပါသည်။

ပြောင်းလဲသွားသော ဘောလုံးပွဲ အခြေအနေကို ကြည့်ရင်း ကျွန်တော် စိတ်ခံစားမှု ပြောင်းလဲ သွားသည်။

တစ်ဖက်နှင့် တစ်ဖက် အားကြိုးမာန်တက် ယှဉ်ပြိုင်ကစားနေရာမှ မီးကိုရေနှင့် ငြိမ်းလိုက်သလို အေးစက်သွားသော ပြိုင်ပွဲအခြေအနေများကို ပြောင်းလဲလိုက်သူမှာ အနိုင်ဂိုးရရှိသွားသော အသင်း သားများ ဖြစ်ပါသည်။

ပွဲက မပြီးသေးပါ။ ပွဲပြီးရင် ၃ မိနစ်ခန့် လိုသေးသည်။ သို့သော် ဆက်၍ ကစားနေတာထက် စောလျှင် ပွဲပြီးသွားတာမှ စိတ်သက်သာရာရပေဦးမည်။ အနိုင်ဂိုးသွင်းယူထားသော အသင်း၏ လုပ် ဆောင်နေပုံမှာ ဘဝင်မကျဖွယ်ရာဖြစ်နေသည်။ ကျွန်တော့်အနေနှင့် လုံးဝဘဝင်မကျပါ။

အချိန်ပြည့်သည်အထိ နှစ်ဖက်အသင်းအား အားကြိုးမာန်တက် ယှဉ်ပြိုင်တာကို မြင်လိုကြည့် လိုသည်။ နိုင်ပြီးဆိုပြီး ရှုံးသည့်အသင်းကို ခွေးရူးလုပ်ကာ ပြည့်ဂသော ကစားသမားကောင်းမဆန်စွာ ကစားနေပုံများအပေါ် အားပေးလိုစိတ်မရှိတော့။ ရွံ့ရှာစိတ်ပင် ဝင်မိသည်။

မတရားလုပ်တာ မတွေ့ရပေမယ့် တရားမျှတသေသာ ကစားပွဲလို့ မမြင်တော့။ ကျွန်တော် အားပေးနေသော အနိုင်ဂိုးရထားသည့် အသင်းဘက်မှ ရှုံးနေသော အသင်းဘက်သို့ စိတ်ကပြောင်း၍ အားပေးမိသည်။ ထိုအခိုက်မှာပင်

အချိန်ပိုကစားသည့် ဒုတိယပိုင်း ၁၅ မိနစ် ပြည့်ကာ ဘောလုံးပွဲ ပြီး ဆုံးပါသည်။

အိမ်ရှင်အသင်းသားများ၏ အောင်ပွဲရမျက်နှာများ၊ ပျော်ရွှင်ကြည်နူးနေသော အားပေးသူ၏ အော်ဟစ်အောင်ပွဲခံနေပုံများနှင့် ရှုံးနိမ့်နေသူတို့၏ မျက်နှာများကို တီဗွီဖန်သားပြင်တွင် အတိုင်းသား တွေ့မြင်ခဲ့ရသည်။

ကျွန်တော့်အနေဖြင့် ဘောလုံးပြိုင်ပွဲပြီးဆုံးသွားသော်လည်း ပြီးပြည့်စုံသော စိတ်ကျေနပ်မှုမရရှိ ခဲ့ပါ။ အနိုင်ရရှိတိုင်း ဂမ်းသာတတ်သည့် လူစားမျိုးထဲ မိမိမပါဝင်ခဲ့မှန်း ကိုယ့်ကိုယ်ကို သတိထားလိုက် မိသည်။ ။

*